# မြန်မာ

## အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်

၂၀၁၂ ခုနှစ် ဇူလိုင်မှ ၂၀၁၆ ခုနှစ် ဇွန်အထိ
စီမံကိန်းပြီးဆုံးခြင်း အစီရင်ခံစာ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ

ယူနီဆက်မြန်မာက အစီရင်ခံသည်
၂၀၁၆ ခုနှစ် စက်တင်ဘာလ



# စီမံကိန်းလုပ်ငန်းအကျဉ်းချုပ်

(၂၀၁၂ -၂၀၁၆) မြန်မာနိုင်ငံ အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ် (Myanmar Quality Basic Education Programme) ကို ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ နော်ဝေ၊ အင်္ဂလန်နှင့် ယူနီဆက်တို့ ပါဝင်သည့် ဘက်စုံအလှူရှင် ပညာရေးရန်ပုံငွေ (Multi-Donor Education Fund-MDEF) က ပံ့ပိုးပေးသည်။ အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်(Quality Basic Education Programme - QBEP) သည် ကလေးများအားလုံးကို ပညာသင်ယူမှု အခွင့်အလမ်း ရရှိစေရန်နှင့် ကျောင်းတက်ရန် အဆင်သင့်ပြင်ဆင်ပေးပြီး အရည်အသွေး ရှိသော မူလတန်းပညာရေးကို ရရှိစေရန်အတွက် မြန်မာနိုင်ငံတော် အစိုးရကို ပံ့ပိုးပေးပါသည်။ ဤပညာရေး အစီအစဉ်သည် နိုင်ငံတော်၏ ပညာရေး မူဝါဒများနှင့် စီမံကိန်းများကို နိုင်ငံတဝှမ်းက လိုအပ်ချက်ရှိသည့် စီမံကိန်းမြို့နယ် (၃၄)မြို့နယ်မှ ကလေးများ အတွက် လူတိုင်းအကျုံးဝင်သော၊ အရည်အသွေးရှိသော ပညာရေးဝန်ဆောင်မှုများကို ပေးနိုင်ရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံ၏ မြန်ဆန်သောအပြောင်းအလဲ ကာလအတွင်း အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်က ဖော်ပြပါ ရလဒ်သုံးမျိုးကို ရရှိပါသည်။

- အရည်အသွေးရှိ အခြေခံပညာရေးကို ပံ့ပိုးပေးသည့် စနစ်များ အားကောင်းလာပါသည်။
- အရည်အသွေးရှိ အခြေခံပညာရေးကို ဝန်ဆောင်မှုပေးနိုင်ရန်အတွက် သက်သေအထောက်အထားကို အခြေခံသော မူဝါဒပိုင်း ဆိုင်ရာ တိုက်တွန်းအားပေးမှုများ အားကောင်းလာသည်။
- အရည်အသွေးရှိ အခြေခံပညာရေးအစီစဉ်၏ စီမံကိန်းနယ်မြေမှ ပညာသင်ယူခွင့်ရရှိသည့် ကလေးအရေအတွက် တိုးတက် လာပါသည်။

၎င်းရလဒ်များ ရရှိစေရန် အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်က မိမိ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော မြန်မာ နိုင်ငံရှိ ကလေးများအားလုံး ပညာသင်ယူမှု အခွင့်အလမ်းနှင့် အရည်သွေးရှိ ပညာရေးရရှိစေရန် ဘက်စုံလွှမ်းခြုံသော အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းကို ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ဤအစီရင်ခံစာသည် အရည်အသွေးရှိ အခြေခံ ပညာရေးအစီအစဉ် စတင်စဉ် အခြေအနေ၊ အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်၏ အဓိကကျသော မဟာဗျူဟာများ၊ အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ် အကောင်အထည်ဖော်မှုကြောင့် ရရှိလာသည့် မြင်သာမှုရှိသော ပြောင်းလဲမှုများ၊ စီမံကိန်းလုပ်ငန်း ပြီးဆုံးချိန်တွင် ကျန်ရှိမည့် ကိစ္စရပ်များ စသည်တို့ကို အစီရင်ခံထားပါသည်။

အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်၏ လုပ်ငန်းများတွင် ပိုမိုကောင်းမွန်သော သင်ကြားသင်ယူမှု ပစ္စည်းများ ပံ့ပိုးပေးခြင်း ၊ ကလေးပျော်ကျောင်း (CFS) သင်တန်းများ ၊ ရှေးဦး ကလေးသူငယ်စောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး (ECCD) သင်တန်းနှင့် အထောက်အကူပစ္စည်းများ၊ တိုင်းရင်းသား ဘာသာစကားဖြင့် သင်ယူနိုင်ရန် သူငယ်တန်းအတွက် လိုအပ်သည့် သင်ထောက်ကူ ပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ကျောင်းအခြေပြု လုပ်ငန်းခွင်တွင်း ဆရာအတတ် ပညာရေး (SITE) ၊ ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)၊ ကျောင်းများတွင် ကောင်းမွန်သော ရေကောင်းရေသန့် ရရှိရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် ပံ့ပိုးမှုများ၊ ပြည်တွင်း၌ ရွှေ့ပြောင်းခံရသည့်စခန်းတွင် နေထိုင်သူများအား ပံ့ပိုးခြင်း၊ ပြည်နယ်/တိုင်းနှင့် မြို့နယ်အဆင့် ပညာရေးစီမံခန့်ခွဲမှု လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးခြင်း အစရှိသည့် စုစည်း ပေါင်းစပ်ထားသော လုပ်ငန်းများ ပါဝင်ပါသည်။

## အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်၏ အဓိက ရလဒ်များက ဘာတွေလဲ



ကလေး ၂.၅ သန်းကျော်
ကျောင်းသုံးပစ္စည်းများရရှိသည်။



အလယ်တန်းအဆင့် ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်ကို သင်ကြားနိုင်ရန် ဆရာ၊ ဆရာမ ပေါင်း ၃၅,၀၀၀ ကျော် ကို သင်တန်းပေး ခဲ့သည်။





ကျောင်းပြင်ပ မူလတန်းပညာရေး အစီအစဉ်ကို အသက် ၁၀ - ၁၄နှစ်ရှိ ကလေး ၄၈,၀၀၀ ကျော် တက်ရောက်ခဲ့သည်။



ဘက်စုံလွှမ်းခြုံသော **အမျိုးသား ပညာရေး မဟာဗျူဟာ စီမံကိန်း** (NESP) ကို မူကြမ်းရေးဆွဲခြင်း၊ ငွေကြေးတွက်ချက်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပြီး ၊ ၂၀၁၆ တွင် ပြီးစီးရန် မျှော်မှန်းထားသည်။



**ယဉ်ကျေးမှု၊ ဘာသာစကား** နှင့် ဖွံ့ဖြိုးမှု အခြေအနေနှင့် သင့်တော်သော နိုင်ငံအဆင့် သူငယ်တန်း သင်ရိုးညွှန်းတမ်းကို ရေးဆွဲနိုင်ခဲ့သည်။



မြို့နယ်ပညာရေးစီမံခန့်ခွဲမှု သတင်း အချက်အလက်စနစ် (TEMIS) ကို ရည်မှန်းထားသည့်အတိုင်း **(၁၅) မြို့ နယ်** တွင် ဆောင်ရွက်နေပါသည်။



**ကျောင်းပြင်ပ မူလတန်းပညာရေး** တန်းညှိအစီအစဉ် အတွက် နိုင်ငံအဆင့် မူဘောင် တစ်ခုကို ရေးဆွဲ အတည်ပြုပြီး ဖြစ်ပါသည်။



အထောက်အထား ခိုင်လုံသော သုတေသနပြု **လေ့လာမှု ၈ ခု အနက် ၆ ခု** ပြီးစီး ခဲ့ပါသည်။



အသက် ၃နှစ် မှ ၅နှစ်အရွယ် ကလေး များအတွက် စီမံကိန်း မစမီ စစ်တမ်း အရ **၁၀%** မှ **၃၇.၄၆%** အထိ ရရှိအောင် ရှေးဦးကလေးသူငယ် စောင့် ရှောက်ရေး အထောက်အကူပြု ပစ္စည်းများရရှိသည့် စီမံကိန်း မြို့နယ်၏ ကျောင်း အရေအတွက်ကို နှစ်ဆတိုးပြီး ပံ့ပိုးပေးနိုင်ခဲ့သည်။



နိုင်ငံတော်အဆင့် **ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ** ကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘဏ္ဍာရေးတွက်ချက်မှုပါအောင် ရေးဆွဲ အတည်ပြု၍ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ဖြန့်ဝေပြီး ဖြစ်ပါသည်။



**အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်က ပံ့ပိုးပေးထားသော ဆရာ/မများ၏ ၃၈ ရာနှုန်း** သည် ပြန်လည်မွမ်းမံထားသည့် ကလေးဗဟိုပြု သင်ကြားနည်းများကို လက်တွေ့အသုံးချ နေပါသည်။




ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်-၄ နှင့် ကိုက်ညီသော အဓိကကျသည့် လုပ်ငန်းဖြစ်သော ရှေးဦးကလေးသူငယ် သင်ကြားခြင်းကို အလေးထားဆောင်ရွက် ခြင်းကြောင့် **မြန်မာကလေးငယ် ၁၀.၇ သန်း** သူငယ်တန်းတွင် ကျောင်းဝင်လာပြီး သူငယ်တန်း အသားတင် ကျောင်းနေနှုန်း **၉၅.၄၃ ရာခိုင်နှုန်း** ရှိလာသည်။

(ပညာရေးဝန်ကြီးဌာန၏၂၀၁၆ခု၊ ဩဂုတ်လ ထုတ် ရက် ၁၀၀ စီမံကိန်း အစီရင်ခံစာ)



**မြို့နယ်ပညာရေး ဖွံ့ဖြိုးတိုးတက်မှု စီမံချက်** (TEIP) ပထမအကြိမ် မူကြမ်းကို စီမံကိန်းမြို့နယ် **၃၄ မြို့နယ်** က ရေးဆွဲ နိုင်ခဲ့ပြီး၊ စီမံကိန်း ၃၄ မြို့နယ် အနက် ၂၅ မြို့နယ်သည် ဒုတိယအကြိမ် မူကြမ်းကို ရေးဆွဲနိုင်ခဲ့သည်။



အသက် ၁၀နှစ် မှ ၁၇ နှစ်အရွယ် **ကလေး ၅၀,၀၀၀ ကျော်** ရပ်ရွာ အခြေပြု ကျောင်းပြင်ပရောက် ကလေးများအတွက် စဉ်ဆက်မပြတ် တိုးချဲ့ပညာ သင်ယူခြင်းအစီအစဉ် (EXCEL) ကို တက်ရောက်နိုင်ခဲ့ပါသည်။



**မူလတန်း ဆရာ/မ- ၄၄,၀၀၀** အတွက် တိုက်ရိုက်သင်တန်းနှင့် လုပ်ငန်းခွင်တွင်း ဆရာအတတ်ပညာကို တက်ရောက်ခဲ့ပါသည်။

# အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်က ပံ့ပိုးပေးသော စီမံကိန်းမြို့နယ်များတွင် ပညာသင်ယူမှု အခွင့်အလမ်းနှင့် ပညာရေးအရည်အသွေး တိုးတက်ကောင်းမွန်လာသည်။

ကျောင်းနေနှုန်းသည် ပညာသင်ယူမှု အခွင့်အလမ်းအတွက်သုံးသော ကိုယ်စားပြု အညွှန်းကိန်းတစ်ခု ဖြစ်ပါသည်။ အရည်အသွေးရှိ အခြေခံပညာရေးအစီစဉ်က ပံ့ပိုးပေးသော စီမံကိန်းမြို့နယ်တွင် ကျောင်းနေနှုန်းမှာ ၃.၃၅ ရာခိုင်နှုန်း ဖြစ်ရာ တစ်မြို့နယ်ချင်းအနေဖြင့် နိုင်ငံတော်အဆင့် ပျမ်းမျှထက် (၁.၅၂) ရာခိုင်နှုန်း မြင့်တက်လာပါသည်။ (၂၀၁၄-၂၀၁၅) ပညာသင်နှစ်တွင် စီမံကိန်းမြို့နယ်၌ (၈၉) ရာခိုင်နှုန်း ရည်မှန်းထားသော်လည်း နိုင်ငံတော်အဆင့် အသားတင် ကျောင်းနေနှုန်းမှာ ၉၄.၄၈ ရာခိုင်နှုန်းထိ တိုးတက်လာပါသည်။ စီမံကိန်းပြီးဆုံးချိန်တွင် (၉၅.၁၀) ရာခိုင်နှုန်း (ကျား-၉၅.၅၃% ၊ မ - ၉၄.၆၆%) ဖြစ်လာပါသည်။

ပညာရေးအရည်အသွေးကို အခြေခံအားဖြင့် အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်က တိုင်းတာစရာနှစ်ခုနှင့် တိုင်းတာပါသည်။

- စီမံကိန်းကပံ့ပိုးသော ကျောင်းများတွင် ကျောင်းသူ/သား၏ သင်ယူမှုရလဒ်နှင့် တိုင်းတာ၍ ဒုတိယတန်းနှင့် စတုတ္ထတန်း မြန်မာစာနှင့် သင်္ချာဘာသာရပ်များတွင် တိုးတက်လာသည်။
- သင်ကြားမှု အရည်အသွေးကို တိုင်းတာသည်။ ယော့(ခ်)တက္ကသိုလ် (University of York) ၏ လေ့လာချက်အရ စီမံကိန်းက ပံ့ပိုးပေးသော သင်တန်းတက်ရောက်ခဲ့သည့် ဆရာ/မများ၏ လက်တွေ့သင်ကြားရေး လုပ်ငန်းများသည် ရည်မှန်းထားသည့် ၃၅ ရာခိုင်နှုန်း မကဘဲ ၊ ၃၈ ရာခိုင်နှုန်းထိ တိုးတက်လာသည်ကို တွေ့ရပါသည်။

ရခိုင်ပြည်နယ်မြေပုံမြို့မှကလေးများ စာသင်ကြားနေပုံ ©UNICEF Myanmar/2015/Nay Win Myint



## အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်က ဘာတွေ အောင်မြင်အောင် လုပ်ဆောင်ခဲ့လဲ။

- အရည်အသွေးရှိ အခြေခံပညာရေးအစီအစဉ်က အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအစတွင် အစိုးရနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းအကြား ပေါင်းကူးသဖွယ် ညှိနှိုင်းဆောင်ရွက်ရာ၌ ဦးဆောင်မှုပေးပါသည်။ အရည်အသွေး ရှိအခြေခံပညာရေး အစီအစဉ်က မြန်မာနိုင်ငံ၌ ၄င်းတို့၏ အကြီးဆုံးသော ပညာရေးရင်းနှီး မြှုပ်နှံမှုများပေးနေချိန်တွင် အလှူရှင်နှင့် ပညာရေး ဝန်ကြီးဌာနကို နောက်ပိုင်းတွင် ဆက်လက်ပြီး နှစ်ဦးနှစ်ဖက် ချိတ်ဆက် ဆောင်ရွက်ပြီး ဆက်ဆံရေးကောင်းစွာ တည်ဆောက် နိုင်အောင် အခြေခံအုတ်မြစ်ကို ချပေးခဲ့ပါသည်။ အာဏာရှင်ဆန်သော အုပ်ချုပ်မှုမှ ဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက်ခံရသည့် အစိုးရနှင့် အရပ်သား သမ္မတတို့ဖြင့် သမိုင်းသစ် စတင်သော အကူးအပြောင်းကာလတွင် အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်က ပေါင်းကူးအနေနှင့် ရပ်တည်ခဲ့ပါသည်။
- အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်က နိုင်ငံတော်အစိုးရ၏ ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့်တွင် လည်းကောင်း၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြု အဖွဲ့အစည်းများ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် အခြားကဏ္ဍများကို ဆောင်ရွက်နေသူများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၄င်းဆောင်ရွက်ချက်များသည် အရည်အသွေးရှိ ပညာရေးအတွက် ပိုမို ထိရောက်သော မူဝါဒများ ဖြစ်လာစေရန် လုပ်ငန်း အဆက်အသွယ်များ အားကောင်းစေပြီး ပေါင်းစည်း ညီညွတ် ခြင်းကို ဖြစ်စေခဲ့ပါသည်။
- အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်သည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရေးတကြီး စတင်လုပ်ဆောင်နေသော ကာလတွင် တိုင်းရင်းသား ဘာသာစကား ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးပွဲများကို ပံ့ပိုး ပေးရန် အခြားပညာရေး အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။
- ဤလုပ်ငန်းသည် ရှေ့ဆက်ဆောင်ရွက်ရမည့် နိုင်ငံငြိမ်းချမ်းရေးနှင့် လူမှုအသိုင်းအဝိုင်း အချင်းချင်း ပေါင်းစည်း ညီညွတ်ရေး အတွက် အလွန်အရေးပါသည်။
- အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်သည် ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ ပြန်လည်သုံးသပ်ရေး လုပ်ငန်း (Comprehensive Education Sector Review-CESR) ကို ဆောင်ရွက်ခဲ့ပြီး အမျိုးသား ပညာရေး မဟာဗျူဟာ စီမံကိန်း (National Education Strategic Plan-NESP) ကို ရေးဆွဲနိုင်ရန် အတွက် ပံ့ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ အကောင်အထည်ဖော် ဆောင်ရွက်သူများအကြား ညှိနှိုင်း ပေါင်းစည်းပေးခဲ့ပါသည်။
- အရည်အသွေးရှိအခြေခံပညာရေးအစီအစဉ်သည်မြန်မာ့ပညာရေးကဏ္ဍတွင်စီမံကိန်းပုံစံဖြင့်အလှူရှင်များကရင်းနှီးမြှုပ်နှံစေရန် ရှေ့ဆောင်ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ကျောင်းပြင်ပပညာရေး၊ ဘဝတွက်တာ ကျွမ်းကျင်စရာသင်တန်း၊ မြို့နယ်ပညာရေး ဖွံ့ဖြိုးတိုးတက်မှု စီမံချက်ရေးဆွဲခြင်း ကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်သည် အလှူရှင်ပေါင်းစုံပါဝင်သော ပညာရေးရန်ပုံငွေ အပိုင်း-၁ (Multi-Donors Education Fund-MDEF I) ၏ ကနဦး ဆောင်ရွက်ခဲ့သည်များကို ပြန်လည် အားကောင်းအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ဥပမာ- ကျောင်းထောက်ပံ့ရေး ရန်ပုံငွေအစီအစဉ်။ ဤ ဆောင်ရွက်ချက်များသည် နောက်ပိုင်းတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချ၍ ကျောင်းများကို ငွေကြေးပံ့ပိုးခြင်း အစီအစဉ် ကဲ့သို့သော အလားတူ ရန်ပုံငွေပံ့ပိုးပေးသော လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခြေခံအုတ်မြစ်ကို ချပေးနိုင်ခဲ့သည်။

အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်သည် သက်သေအထောက်အထား ဖော်ထုတ်ခြင်း၊ အချက်အလက် စုဆောင်းခြင်းနှင့် အသုံးချခြင်းတို့ကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်စေရန် သက်သေအထောက်အထားအပေါ် အခြေခံ သည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းကို ပညာရေးဝန်ကြီးဌာနက ကောင်းစွာ လက်ခံလာအောင် အလေးထား ဆောင်ရွက်နိုင်ခဲ့သည်။ အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်၏ မူဝါဒဆိုင်ရာ တိုက်တွန်းမှု ရလဒ်အနေဖြင့် သက်သေ အထောက်အထားအပေါ် အခြေပြုသော မူဝါဒများ ရေးဆွဲခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့သည် ပညာရေးဝန်ကြီးဌာနက ကျင့်သုံးသော လုပ်ထုံးလုပ်နည်းများ၏ အစိတ်အပိုင်းအဖြစ် တိုးတက်ဖြစ်ပေါ်လာခဲ့သည်။ ဥပမာ - ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) အပိုင်း-၂ ၏ ပညာရေးကဏ္ဍ ခွဲလုပ်ငန်း အစီရင်ခံစာသည် နိုင်ငံတကာ၊ နိုင်ငံတော်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်များမှ ရရှိသော သတင်းအချက်အလက်များကို အသေအချာ မှီငြမ်းကိုးကား၍ ရေးသားထားပါသည်။ အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်သည် ပညာရေးဝန်ကြီးဌာနက စွမ်းဆောင်ရည် ကွာဟချက် ဆန်းစစ်ခြင်းများ ဆောင်ရွက်၍ မိမိဌာနကို ပြန်လည် သုံးသပ်ခြင်းများ လုပ်ဆောင်နိုင်ရန် ပံ့ပိုးပေးခဲ့သည်။ အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်၏ ဤသို့သော ဆောင်ရွက်ချက်များသည် ပညာရေး ဝန်ကြီးဌာနကို မိမိဌာန၏ စွမ်းဆောင်ရည် တိုးတက်စေရန်အတွက် ကြိုးပမ်း အားထုတ်လိုသော စိတ်ဆန္ဒ ပိုမိုရှိလာအောင် ပံ့ပိုးပေးခဲ့သည်။ သိသာထင်ရှားသော အထောက်အထားအနေဖြင့် ပညာရေးဝန်ကြီးဌာနက အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်က စတင်ဆောင်ရွက်ခဲ့သည့် အဆိုပါ စွမ်းဆောင်ရည် ကွာဟချက်အား အသေးစိတ် လေ့လာဆန်းစစ်မှု (micro-assessment) လုပ်ငန်းစဉ် များကို ခွင့်ပြုပေးခဲ့ပါသည်။

အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်သည် အချိန်နှင့်အမျှ ပြောင်းလဲနေသော အခြေအနေကို လိုအပ်သလို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဦးစီးကော်မတီဖွဲ့၍ လုပ်ငန်းဆောင်ရွက်ရန် စီမံကိန်းပုံစံနှင့် စီမံခန့်ခွဲမှု ယန္တယားတို့ကို ပြောင်းလွယ် ပြင်လွယ်ဖြစ်အောင် ဦးတည်ဆောင်ရွက်ခဲ့ပါသည်။

အထက်ဖော်ပြပါ ရလဒ်အားလုံးကို စီမံကိန်းသက်တမ်းတလျှောက် ပံ့ပိုးပေးရာတွင် အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်၏ လျာထားငွေ အမေရိကန် ဒေါ်လာ ၇၆.၆ သန်းတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၃.၅၇ သန်း သုံးစွဲခဲ့ရာ ငွေကြေးအကုန်ကျခံသည့် အကောင်အထည်ဖော်မှုနှုန်းမှာ မြင့်မား၍ ၈၃ ရာခိုင်နှုန်း ရှိပါသည်။

## အနည်းငယ်သာ လုပ်ဆောင်နိုင်ခဲ့သည်များက ဘာတွေလဲ၊ ဘာကြောင့်လဲ။

စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုတိုးတက်အောင်ပညာရေးဝန်ကြီးဌာနအတွင်းသတင်းအချက်အလက်များပိုမိုကောင်းမွန်စွာ စီးဆင်းနိုင်ရန် အလေးထား ဆောင်ရွက်ပေးခဲ့သင့်ပါသည်။ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) အတွက် ပညာရေးဝန်ကြီးဌာနကို လုံလောက်သော နည်းပညာများ ပံ့ပိုးပေး ခဲ့သော်လည်း အမှန်တကယ် အရေးကြီးသည့် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၊ ကျွမ်းကျင်မှု၊ နည်းပညာနှင့် အသိပညာများ အကောင်အထည်ပေါ်လာအောင် ထိထိရောက်ရောက် ပံ့ပိုးပေးခြင်းမျိုးကို ပိုမို ထည့်သွင်းစဉ်းစား ဆောင်ရွက်နိုင်ခဲ့ ရပါမည်။

အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်က ပံ့ပိုးပေးသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး လုပ်ငန်းစဉ်နှင့် ဗဟိုအဆင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများသည် ပိုမိုချိတ်ဆက်ခဲ့သင့်ပါသည်။ အဆိုပါ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး လုပ်ငန်းစဉ်ကို ပံ့ပိုးပေးသည့် လုပ်ငန်းများသည် အစိုးရ ဖွဲ့စည်းပုံစနစ်အပေါ် ပိုမိုအခြေပြုခဲ့သင့်ပါသည်။ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ် အဆင့်တို့တွင် စွမ်းရည်မြှင့်တင်ပေးသည့် လုပ်ငန်းသည် ထိရောက်သော ဗဟိုချုပ်ကိုင်မှု လျှော့ချရေး လုပ်ငန်းစဉ်အတွက် မရှိမဖြစ် လိုအပ်ကြောင်း အရည်အသွေးရှိ အခြေခံပညာရေးအစီအစဉ်က အသိအမှတ်ပြုသည့် အတွက် မြို့နယ်အဆင့်ကို အလေးထားကာ ကြိုတင်စီမံဆောင်ရွက်ခဲ့သည်။ ၄င်းအချိန်တွင် ဤသို့သော ရှေ့သို့ မျှော်မှန်းဆောင်ရွက်သည့် ဗျူဟာတွင် အမျိုးသား ပညာရေး မဟာဗျူဟာ စီမံကိန်း မရှိသေးသည့်အတွက် လုံလောက်စွာ ပံ့ပိုးပေးမည့် ဥပဒေ မူဘောင်မရှိခဲ့ပါ။

ငွေကြေးအမြောက်အမြား အကုန်ကျခံသော အကောင်အထည်ဖော်မှုနှုန်း ရှိခဲ့သော်လည်း ငွေကြေးသုံးစွဲရာတွင် ပညာရေးဌာန ဖွဲ့စည်းပုံ ပြင်ဆင်ခြင်းနှင့် ယခင်က သဘောတူထားသည့် ငွေကြေးလွှဲပြောင်းမှု လမ်းကြောင်းများကို ပယ်ဖျက်ခြင်း တို့ကြောင့် ပညာရေး ဝန်ကြီးဌာန၏ စီမံကိန်းရန်ပုံငွေ သုံးစွဲနိုင်စွမ်း အကန့်အသတ်ရှိခြင်း၊ နိုင်ငံရေး ရေရာမှု မရှိခြင်း၊ ကြိုတင် မျှော်မှန်းကာ ဆောင်ရွက်ထားမှု မရှိခြင်းနှင့် စီမံကိန်း မိတ်ဖက် အဖွဲ့အစည်းများကြား သဘောတူထားသည့် မမျှော်မှန်းနိုင်သော အခက်အခဲများကို လျှော့ချရန် ဗျူဟာများ မရှိခြင်း အစရှိသည့် စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရပါသည်။

စီမံကိန်း အစောပိုင်းကာလတွင် မျှော်မှန်းချက်များ မတူညီသည့် အခန်းကဏ္ဍများနှင့် တာဝန် ဝတ္တရားများကြောင့် အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်၏ ပူးပေါင်းဆောင်ရွက်မှုများသည် မကြာခဏ ပေါင်းစည်း ညီညွတ်မှုမရှိ ဖြစ်ခဲ့ရပြီး ဆုံးဖြတ်ချက်ချရာတွင် မိတ်ဖက်များအကြား တင်းမာမှုများ ဖြစ်စေခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် အကျိုးတူ ဖွံ့ဖြိုးမှု မိတ်ဖက် ဆောင်ရွက်သူများအကြား ညှိနှိုင်း ဆောင်ရွက်မှုမှာ အစဉ်ဖြောင့်ဖြူး မနေဘဲ တစိတ်တပိုင်းအားဖြင့် အမျိုးသား ပညာရေး မဟာဗျူဟာ စီမံကိန်းရေးဆွဲရန်အတွက် ပူးပေါင်းပါဝင်မှုဆိုင်ရာ မူဝါဒ မရှိ ဖြစ်ခဲ့ပါသည်။ သို့သော်လည်း ပညာရေးဝန်ကြီးဌာနက အရည်အသွေးရှိ အခြေခံ ပညာရေး အစီအစဉ် ဦးစီး ကော်မတီတွင် အဖွဲ့ဝင် နစ်ဦးကို ၂၀၁၄ တွင် ပံ့ပိုးပေးသောအချိန်မှစ၍ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုသည် အရည်အသွေးရှိ အခြေခံ ပညာရေး အစီအစဉ် မိတ်ဖက်များအကြား တိုးတက်လာခဲ့ပါသည်။ ၄င်း အခြေအနေများကြောင့် အရည်အသွေးရှိ အခြေခံ ပညာရေး အစီအစဉ်တွင် ပညာရေးဝန်ကြီး ဌာနအနေဖြင့် မိမိဌာန၏ တာဝန်ဖြစ်သည်ဟူသော ခံယူချက်နှင့် ခေါင်းဆောင်မှု နှစ်ခုလုံး တိုးတက်လာခဲ့ပါသည်။

နောက်ဆုံးတွင် ရည်မှန်းထားသည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ အားလုံးမှာ တစ်မူထူးခြားသော မြန်မာနိုင်ငံ၏ အခြေအနေများကြောင့် စိန်ခေါ်မှုများကို ဖြစ်စေခဲ့သည်။ သုသေတနပြုအဖွဲ့ဖြစ်သည့် The Montrose/ Empower ၏ ကျောင်းအခြေပြု လုပ်ငန်းခွင်တွင်း ဆရာအတတ်ပညာ အစီအစဉ် (SITE) နောက်ဆုံး အစီရင်ခံစာတွင် "ဤနိုင်ငံ၏ အခြေအနေအပေါ် စိတ်ရှည်ရန်နှင့် နားလည်မှုများထားရှိရန် လိုအပ်ကြောင်း ဆိုလိုသည်မှာ ဆရာ/မများ၏ သင်ယူသူ ဗဟိုပြု ချဉ်းကပ်နည်းနှင့် သင်ကြားမှုဆိုင်ရာ ဆရာအတတ် ပညာရပ်များသည် ပြောင်းလဲလာပြီး တိုးတက်မှုကို တွေ့ရသော်လည်း အမှုအကျင့် ပြောင်းလဲမှုအတွက် ခြေလှမ်းမှာ နှေးကွေးပြီး၊ ကျယ်ပြန့်သော လူမှုရေးနှင့် နိုင်ငံရေး ပြောင်းလဲမှု အခြေအနေပေါ်တွင် မူတည်ပါသည်" ဟု အလေးပေး ဖော်ပြထားပါသည်။

## နိဂုံး

နိဂုံးချုပ်အနေဖြင့် အရှိန်အဟုန်ကြီးမားစွာ ပြောင်းလဲနေသော အခြေအနေတွင် အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်သည် မိမိ၏ ရည်ရွယ်ချက်ဖြစ်သည့် သင်ယူမှုတိုးတက်ရေး၊ ကျောင်းနေနှုန်းမြင့်မားရေး၊ တီထွင်ဆန်းသစ်သော ချဉ်းကပ်နည်းများ၊ ဘက်စုံ အလှူရှင်နှင့် အစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှု၊ အရေးပါသော သက်သေ အထောက် အထားများ ဖော်ထုတ်ခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အရေးတကြီး လိုအပ်သည်များကို အချိန်နှင့် တပြေးညီ ပံ့ပိုးပေးခြင်းများကြောင့် ကလေးများ အတွက် ပညာသင်ယူမှု အခွင့်အလမ်းနှင့် ပညာရေး အရည်အသွေးများ ကောင်းစွာ တိုးတက်လာပြီး၊ ပညာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ ကလေးများအတွက် ပညာရေး ဝန်ဆောင်မှုများ ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဦးဆောင်မှုပေးခြင်းနှင့် စွမ်းရည်မြှင့် တင်ပေးခြင်း အစရှိသည့် လိုအပ်သည်များကို အချိန်နှင့်တပြေးညီ ပံ့ပိုးပေးနိုင်ခဲ့သည်။ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကား များစွာ ကျန်ရှိနေပါသေးသည်။

အခွင့်အလမ်းအနေဖြင့် ပထမဆုံးသော အမျိုးသား ပညာရေး မဟာဗျူဟာ စီမံကိန်း (NESP) ကို စတင် အကောင်အထည်ဖော်ခြင်း၊ သူငယ်တန်း သင်ရိုးညွှန်းတမ်းအား တနိုင်ငံလုံးသိရှိအောင် မိတ်ဆက်ခြင်းနှင့် အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ်၏ လက်ဆင့်ကမ်း အမွေဖြစ်သည့် ပညာရေးကဏ္ဍ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ ပညာရေး ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၏ ဆက်လက်ပံ့ပိုး ကူညီမှုများသည် ပညာရေးဝန်ကြီးဌာန၏ ခေါင်းဆောင်မှု အခန်းကဏ္ဍနှင့် ပညာရေးဝန်ကြီးဌာနက ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ မူဝါဒများ တိုးတက်လာအောင် လျှောက်လှမ်းနေသော ခြေလှမ်းများအတွက် နောက်ထပ် လုပ်ငန်းညှိနှိုင်း ဆောင်ရွက် မှုများနှင့် ဦးဆောင်မှုများ ပိုမိုအားကောင်းလာ စေရန်အတွက် အရေးကြီးပါလိမ့်မည်။

အနာဂတ် စိန်ခေါ်မှုများတွင် ပညာရေးအတွက် ဥပဒေပြုနိုင်သော ပတ်ဝန်းကျင်အခြေအနေ ပါဝင်သည်။ အမျိုးသား ပညာရေး ဥပဒေ (National Education Law-NEL) အတည်ပြုရန် လိုနေသေးသည်။ ဥပဒေကို အမှန်တကယ် အတည်ပြုပေးရန် လိုအပ်သည့် ကော်မရှင် မဖွဲ့စည်းရသေးပါ။ အဆင့်မြင့် ပညာရေး ဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာဥပဒေ (Technical and Vocational Education and Training-TVET) တို့ကိုလည်း လက်ရှိ အခြေအနေတွင် အတည်ပြုနိုင်ခြင်း မရှိသေးပါ။ လက်ရှိကြုံတွေ့နေသော စိန်ခေါ်မှုများမှာ ပညာရေးကဏ္ဍအတွက် လိုအပ်သော စွမ်းရည်နှင့်အရင်းမြစ်များ ၊ ပညာသင်ယူမှု အခွင့်အလမ်းများ တိုးတက်လာ စေရန် ဝန်ဆောင်မှုများပေးသည့် လုပ်ငန်းများဖြစ်သော ကျောင်းပြင်ပ ပညာရေး၊ ကျောင်းအခြေပြု လုပ်ငန်းခွင်တွင်း ဆရာအတတ် ပညာရေးအစီအစဉ် (School Based In-service Teacher Education-SITE) နှင့် မြို့နယ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံချက်ရေးဆွဲခြင်း (Township Education Improvement Plan-TEIP) လုပ်ငန်းများ ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် အရည်အသွေးရှိ အခြေခံပညာရေးအစီအစဉ်က အစပျိုးခဲ့သည့် သုသေသနပြု လေ့လာချက်မှ ပေါ်ထွက် လာသော အကောင်းအဆိုးနှစ်မျိုးပါသည့် တွေ့ရှိချက်များကို ဖြန့်ဝေရန်နှင့် အကျိုးရှိရှိ အသုံးပြုရန်အတွက် နောက်ထပ်လုပ်ငန်း လိုအပ်ပါသည်။ ဤတွေ့ရှိချက်များသည် အရည်အသွေးရှိ အခြေခံပညာရေး အစီအစဉ် ပြီးဆုံးသည့် နောက်ပိုင်း ခေတ်ကာလတွင် အလွန်ရေးပါလိမ့်မည် ဖြစ်သည်။

ချင်းပြည်နယ်မှ ဆရာမနှင့် ကလေးများ ©*UNICEF Myanmar/2015/Daniele Romeo*



unite for children

**UNICEF Myanmar**
23-A, Inya Myaing Road,
Shwe Taung Gyar Ward 2
Bahan Township
(P.O. Box 1435)
Yangon 11201
Tel: (95 1) 230 5960 to 69
Email: yangon@uncef.org
Website : www.unicef.org/myanmar